# ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။ )

## ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေတွင်ပါရှိသော "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုချက်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၌ ပါရှိသော "ကိုယ်ရေးအချက်အလက်" ဆိုသည့်စကားရပ်ကို "အမည်နှင့်ဆက်သွယ်ရမည့် နေရပ်လိပ်စာ အပြည့်အစုံ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအခန်း(၄)တွင်-

(က) အခန်းခေါင်းစဉ်၌ ပါရှိသော "နှင့် ငြင်းပယ်ခြင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -"

၅။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသား တစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက်ရရှိ ရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထား ချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။"

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော "သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်းတို့" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မ ၈၊ ပုဒ်မခွဲ (င)၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ဟောပြောခွင့်ပြုသည့် အကြောင်းအရာနှင့် ကြွေးကြော်ခွင့်ပြုသည့် စကားရပ်များ။"

၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဋ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဠ) ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ည)အထိပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ ခွင့်ပြုချက် ရုပ်သိမ်းခြင်း ခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲ ရမည်။"

၆။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော"နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်"ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက်မပိုသောထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်" ဆိုသည့်စကားရပ်ကို "ခြောက်လထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော "ခြောက်လထက်မပိုသော ထောင်ဒဏ်"ဆိုသည့် စကားရပ်ကို "သုံးလထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကား ရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်